# မြန်မာကဗျာများ၌ လေသံ၏အရေးပါမှု

ဇင်ဇင်ဦး *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာကဗျာများကို အခြေခံ၍ ကဗျာပါလေသံ၏ အရေးပါပုံကို စာပေရှုထောင့်မှ စိစစ်ဖော်ထုတ်ထားသောစာတမ်းဖြစ်ပါသည်။ အလေ့လာခံအဖြစ် မြန်မာကဗျာများ၏ သဘော သဘာဝ၊ လေသံ၏ သဘောသဘာဝတို့နှင့် ပတ်သတ် သောပညာရှင်တို့ ၏ အဆိုအမိန့်များကို ကိုးကား၍ ဆရာဇော်ဂျီ၊ မင်းယုဝေ၊ တင်မိုးတို့၏ ကဗျာများကို စာပေ ရှုထောင့်မှတင်ပြ ထားပါသည်။ ကဗျာများကို ကဗျာပါ လေသံ အဖွဲ့အနွဲ့များဖြင့် ဖန်တီး ပေါင်းစပ်လိုက်သော အခါ မူလအနက် အဓိပ္ပါယ်အပြင် ခံစားမှုရသတို့ အသက်ဝင်လာ ကြောင်း ကို သိစေလိုသော ရည်ရွယ်ချက်ဖြင့် တင်ပြ ထားပါသည်။ ထို့သို့ တင်ပြရာတွင်နိဒါန်း၊ ကဗျာ၏ သဘောသဘာဝ၊ လေသံ၏သဘောသဘာဝ၊ မြန်မာကဗျာများ၌ လေသံ၏ အရေးပါမှုနှင့် ခြုံငုံ သုံးသပ်ချက်ဟူ၍ တင်ပြထားပါသည်။ မြန်မာ ကဗျာများ၌ လေသံ၏ အရေးပါမှုကို သိရှိရန် ရည်မြော်၍ ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။


**သော့ချက်ဝေါဟာရများ**။ ။ ကဗျာ၊ လေသံ၊ ကာရန်၊ နရီ၊ နိမိတ်ပုံ။

* ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်